# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၆၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
## (၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[**ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၆၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၂) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၄) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၅) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၂ ရက်၊

(၆) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၂ ရက်၊

(၇) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၂ ရက်၊

(၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၉) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မြင့် ခွင့် ၁ ရက်၊

(၁၁) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၂ ရက်၊

(၁၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၃) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်နှင့်

(၁၄) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## မူကြမ်း

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သံဖြူဇရပ်နှင့် ရေးမြို့နယ် နယ်စပ် သပြေချောင်းတံတားတစ်စင်း တည်ဆောက်ပေးနိုင်ရန်၊ ကော့လေးကျေးရွာနှင့် ထင်းရှူးကျေးရွာကြား ၁ မိုင် ၆ ဖာလုံရှိ ကတ္တရာလမ်းနှင့် ဝဲကလောင်ကျေးရွာမှ ကော့လေးကျေးရွာသို့ ကတ္တရာထပ်ပိုးလွှာ ထပ်မံခင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသောဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တောင်ပိုင်းရှိ သံဖြူဇရပ်နှင့်ရေးမြို့နယ် ၂၂ မိုင်ရှိ ရွာချင်းဆက်လမ်းသည် ပြည်သူများသွားလာလွယ်ကူစေရန် နယ်စပ် သပြေချောင်းတံတားတစ်စင်း တည်ဆောက်ပေးရန်။ ယခုလက်ရှိရထားလမ်းပေါ်မှာ ယာဉ်တွေသွားလာနေရပါတယ်။ သို့ဖြစ်ပါ၍ ရထားလမ်းပေါ်ကမသွားရဘဲနဲ့ လမ်းတံတားတစ်ခုတည်ဆောက်ပေးနိုင်ရန် တင်ပြထားပါတယ်။ တစ်ခုကတော့ ၂၁ မိုင်လမ်းမှာ အဲဒီကြားမှာ ထင်းရှူးနဲ့ကော့လေးကြားမှာ ၁ မိုင် နှင့် ၆ ဖာလုံကျန်တယ်။ ကျန်တဲ့ဟိုဖက်ကျတော့ ကိုယ်ထူကိုယ်ထနဲ့ကတ္တရာလမ်းခင်းထားပြီးသားပဲ။ အဲဒီ ကွက်လပ်မှာ ၁ မိုင်နှင့် ၆ ဖာလုံမှာ ကတ္တရာလမ်းထပ်ခင်းပေးဖို့တောင်းဆိုချင်တယ်။ နောက်တစ်ခုက ဝဲကလောင်နှင့် ကော့လေးကြားမှာ အရင်ခေတ်က ကိုယ်ထူကိုယ်ထလမ်း ကတ္တရာလမ်း ၁၂ ပေ အခု ကြာတဲ့အခါကျတော့၊ ပြင်တဲ့သူမရှိတဲ့အခါကျတော့ လမ်းကတော့ တအားပျက်စီးသွားပါတယ်။ အဲဒီအတွက်ကြောင့် အဲဒီနေရာကလည်း ထပ်ပိုးလွှာထပ်ခင်းပေးဖို့ တောင်းဆိုထားပါတယ်။ အဲဒီတောင်းဆိုထားတဲ့အားလုံးမှာ သံဖြူဇရပ်မြို့နယ် ဝဲကလောင်မှ ကော့လေးသို့ ယခင်ကတ္တရာလမ်းပျက်စီးနေပြီး ထပ်ပိုးလွှာထပ်ခင်းပေးရန်နှင့် သံဖြူဇရပ်မြို့နယ် နယ်စပ် သပြေချောင်းတံတားတစ်စင်း တည်ဆောက်ပေးနိုင်ရန် သံဖြူဇရပ်မြို့နယ် ကော့လေးနှင့်ထင်းရှူးရွာကြား ၁ မိုင် ၆ ဖာလုံရှိ ကတ္တရာလမ်းတစ်ခု တည်ဆောက်

ပေးနိုင်ရန် ပြည်သူ့တောင်းဆိုချက်နှင့်အတူ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းအောင်မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းပြီးမေးမြန်းသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်နှင့်ရေးမြို့နယ်ဆက်တဲ့ ပင- ကရုပ္ပိ- ကော့လေး- ထင်းရူး- ကျောင်းရွာ- အနင်း- နှစ်ကရင် ကျေးလက်လမ်းပေါ်မှာရှိတဲ့ သပြေချောင်းတံတားဟာ လက်ရှိအနေနဲ့တော့ ၉၅ ပေ x ၁၂ ပေ ရှိပါတယ်။ ပြန်လည်ပြီးတော့ တည်ဆောက်မယ်ဆိုလို့ရှိရင် ၁၅၀ ပေ x ၁၄ ပေ တည်ဆောက်ရမှာဖြစ်ပါတယ်ခင်ဗျ။ အဲဒီတော့ အဲဒီကားလမ်းကို RC ပေါ့။ သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်မယ်ဆိုလို့ရှိရင် ကျပ်သန်း ၁၅၀ ခန့် ကုန်ကျမယ်လို့ခန့်မှန်းပါတယ်ခင်ဗျား။ ဒီသံဖြူဇရပ်မြို့နယ်မှာ ကော့လေး- ထင်းရူးကျေးရွာချင်းဆက်လမ်းမှာ လက်ရှိအခြေအနေက ဂဝံလမ်းဖြစ်ပါတယ်။ ၁ မိုင် နှင့် ၆ ဖာလုံရှိပါတယ်။ ဝဲကလောင်- ကော့လေးကျေးရွာချင်းဆက်လမ်းရဲ့ လက်ရှိအခြေအနေက ၅ မိုင်ရှိပြီးတော့ ကတ္တရာလမ်းဖြစ်ပါတယ်။ ရွာတွင်းလမ်း ၁ မိုင်ပဲကောင်းပြီးတော့ ကျန်တဲ့ရွာချင်းဆက်လမ်း ၄ မိုင်ကတော့ ပျက်စီးနေတာဖြစ်တဲ့အတွက်ကြောင့် ကတ္တရာလမ်းထပ်ပိုးလွှာတင်ရန် လိုအပ်မှာဖြစ်ပါတယ်ခင်ဗျား။ ကော့လေး- ထင်းရူးကျေးရွာချင်းဆက်လမ်း ဂဝံလမ်းအရှည် ၁ မိုင် နှင့် ၆ ဖာလုံ အဲဒါကို ကတ္တရာခင်းမယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ ၁၈၅.၈၅ သန်းခန့် ကုန်ကျမှာဖြစ်ပြီးတော့ ကျွန်တော်တို့ ဝဲကလောင်- ကော့လေးလမ်းအရှည် ၄ မိုင်ကို ထပ်ပိုးလွှာတင်မယ်ဆိုလို့ရှိရင် ၂၆၇.၇၆

သန်း စုစုပေါင်း လမ်းနှစ်လမ်းနှင့် အထက်တင်ပြပါ သပြေချောင်းတံတား ပေါင်းလို့ရှိရင် စုစုပေါင်း ၆၀၃.၆၁ သန်းခန့် ကုန်ကျမယ်လို့ခန့်မှန်းပါတယ်ခင်ဗျား။ အဆိုပါတံတားဟာ ကျေးရွာ ၂၀၊ အိမ်ခြေ ၇၂၀၀ ကျော်ရှိပြီးတော့ ပြည်သူလူထု ၄၁၀၀၀ ကျော် အကျိုးပြုတဲ့လမ်းတံတားလည်းဖြစ်ပါတယ် ခင်ဗျား။

မွန်ပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခုဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၄၈၄၅.၇၂၂ သန်းအနေနဲ့ လမ်းတံတားလုပ်ငန်းများကို ခွင့်ပြုထားတာဖြစ်ပါတယ်ခင်ဗျား။ သံဖြူဇရပ်မြို့နယ်အနေနဲ့ ပြန်ပြီးတော့တင်ပြရရင် သံဖြူဇရပ်မြို့နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ခွင့်ပြုထားတာကတော့ ၇၂၆.၇၈ သန်းဖြစ်ပါတယ်။ ကတ္တရာလမ်းနှင့် မြေသားလမ်း၊ ကွန်ကရစ်တံတားများဆောက်လုပ်ရန် ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ သံဖြူဇရပ်မြို့နယ်အတွင်းမှာရှိတဲ့ လမ်းနှစ်လမ်းနှင့်တံတားတစ်စင်းတို့ဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားထားခြင်းမရှိပါဘူးခင်ဗျား။ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းလည်းမရှိပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း မှတ်သားဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဝေါမြို့ပေါ်တွင် GSM တာဝါတိုင်တစ်တိုင်သာ တပ်ဆင်အသုံးပြုနေပြီး ညောင်ခါးရှည်ကျေးရွာတွင် တာဝါတိုင်တည်ဆောက်ပြီးသော်လည်း စက်များတပ်ဆင်ထားခြင်းမရှိသေးသဖြင့် ဆက်သွယ်မရသဖြင့် အခက်အခဲနှင့် ကြုံတွေ့ရသောကြောင့် ယင်းအခက်အခဲကို မည်သို့ဖြေရှင်းပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်ရဲ့ကျန်းမာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းတွေနဲ့ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ မြန်မာတစ်နိုင်ငံလုံးမှာ GSM

နဲ့ CDMA ဖုန်းတွေ လိုင်းမမိတဲ့ကိစ္စက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဖြစ်နေပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဝေါမြို့နယ်ဟာဆိုရင် ၃၇၆. ၇ စတုရန်းမိုင်ရှိပြီးတော့ ရပ်ကွက်/ကျေးရွာပေါင်း ၆၀ ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်အတွင်းမှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ခွဲတမ်းရသလို ဆက်သွယ်ရေးကနေပြီးတော့ CDMA နဲ့ GSM ဖုန်းတွေရတဲ့အတွက် လူတွေဟာ တစ်ခါမှမရဘူးတဲ့ အခွင့်အရေးမျိုးတွေရတဲ့အတွက် အင်မတန်ဝမ်းသာနေကြပါတယ်။ ဒါပေမဲ့ အခက်အခဲကဘာလဲဆို တော့ ကျွန်တော်တို့ ဝေါမြို့ပေါ်မှာကတော့ GSM ကမိတယ်။ CDMA ကတော့ ဝေါမြို့ပေါ်မှာ လည်းမမိဘူး။ ကျွန်တဲ့ ဒီ ဝေါကနေပြီးတော့ ၃၊ ၄ မိုင်လောက်ကွာသွားတဲ့အခါကျရင် CDMA ကတော့ အစောကတည်းကမမိတာပါ။ GSM ပါမမိတော့ဘူး။ ဒါပေမဲ့ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာ မှာတော့ GSM တိုင်တစ်တိုင်တော့ပြီးသွားပြီတဲ့။ ဒါပေမဲ့ အဲဒါက အသုံးပြုလို့တော့ မရသေးဘူးဆိုတဲ့ အတွက် ပိုပြီးတော့ပေါ့။ တကယ်လို့ အဲဒီတိုင်လေးရလိုက်ရင်တော့ အတိုင်းအတာတစ်ခုထိတော့ ကောင်းသွားမှာပါ။ ကျွန်တော်တို့က စုံစမ်းကြည့်တော့လည်းပဲ ဒီတိုင်တွေကတော့ GSM တို့၊ CDMA တို့ ၁၄၊ ၁၅ တိုင်တော့ ထပ်စိုက်မယ့်အစီအစဉ်တော့ ရှိတယ်လို့ပြောပြီးတော့ အခုလောလောဆယ် ဆယ်ကတော့ တိုင်တစ်တိုင်တည်းနဲ့ အလုပ်လုပ်နေရတဲ့အတွက် ကျွန်တော်တို့ ဖုန်းတွေရှိပေမယ့် ဆက်သွယ်လို့မရတဲ့အခက်အခဲတွေ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အဲဒီအခက်အခဲတွေကို ဘယ်လို ဖြေရှင်းပေးမယ်၊ ဘယ်အချိန်လောက်မှာ ဖြေရှင်းပေးမယ်ဆိုတာကို သိရှိလိုပါသဖြင့် ပြည်သူများရဲ့ ကိုယ်စား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးဝင်းသန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေရဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့ပေါ်မှာ GSM တာဝါတိုင်တစ်တိုင်သာ တပ်ဆင်အသုံးပြုနေရ

ပြီး ညောင်ခါးရှည်ကျေးရွာမှာ တာဝါတိုင်တည်ဆောက်ပြီးသော်လည်း စက်များတပ်ဆင်ထားခြင်း မရှိသေးကြောင်းသိရပြီး ဖုန်းများရှိပေမယ့် ဆက်သွယ်ခြင်းမရတဲ့အတွက် ဒီအခက်အခဲနဲ့ကြုံတွေ့နေရတဲ့အတွက်ကြောင့် ဒီအခက်အခဲကို မည်ကဲ့သို့ဖြေရှင်းပေးမည်နဲ့စပ်လျဉ်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ သိရှိလိုတဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)မှာ GSM စခန်း ၆၅ ခု၊ WCDMA စခန်း ၄၆ ခု၊ CDMA-450 စခန်း ၁၁ ခုနှင့် CDMA-800 စခန်းငါးခုကို ကျွန်တော်တို့ တပ်ဆင်ဖွင့်လှစ်ထားပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ မိုဘိုင်းရေဒီယိုစခန်းတွေကို ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာမှာစခန်းတစ်ခု၊ ကျောက်တံခါးမြို့နယ်မှာ စခန်းတစ်ခု၊ သနပ်ပင်မြို့နယ်မှာ စခန်းတစ်ခု၊ ကဝမြို့နယ်မှာ စခန်းတစ်ခု၊ ဖြူးမြို့နယ်မှာ စခန်းတစ်ခု၊ ပဲခူးမြို့နယ်မှာ စခန်းသုံးခု၊ ထန်းတပင်မြို့နယ်မှာ စခန်းတစ်ခု၊ ကျောက်ကြီးမြို့နယ်မှာ စခန်းနှစ်ခု၊ အုတ်တွင်းမြို့နယ်မှာ စခန်းတစ်ခု၊ တောင်ငူမြို့နယ်မှာ စခန်းနှစ်ခု၊ ရွှေကျင်မြို့နယ်မှာ စခန်းတစ်ခု စုစုပေါင်း စခန်း ၁၅ ခု တည်ဆောက်လျက်ရှိတဲ့နေရာမှာ အခြေခံလုပ်ငန်းတွေ တည်ဆောက်ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာမှာ ရေဒီယိုစခန်းမှာ စက်တပ်ဆင်ခြင်းလုပ်ငန်းတွေကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်ခန့်မှာ အားလုံးပြီးစီးအောင်လုပ်ဖို့ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အောက်တိုဘာလကုန်ခန့်မှာပြီးစီးမယ်လို့ ကျွန်တော်တို့ ဖြေကြားလိုပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.Ltd တို့ပူးပေါင်းဆောင်ရွက်နေတဲ့ ဒုတိယအဆင့်စီမံကိန်းအရ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းမှာ GSM ရေဒီယိုစခန်း ၉၉ ခုကို ထပ်မံတည်ဆောက်သွားဖို့လည်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် Telenor Myanmar Limited အနေနဲ့ ဝေါမြို့နယ်၊ ငှက်ချောဝင်းရပ်ကွက်မှာ တာဝါတိုင်တစ်တိုင်၊ ကျိုက်လှရပ်ကွက်မှာ တာဝါတိုင်တစ်တိုင် စုစုပေါင်းတာဝါတိုင်နှစ်တိုင် တည်ဆောက်ပြီးဖြစ်တဲ့အပြင် ဝေါမြို့နယ်အပြင် ကန်တော်ရပ်မှာ တာဝါတိုင်တစ်တိုင်၊ ကွေးကြီးအုပ်စု ဖိုးစိန်နာစုကျေးရွာ အိမ်အမှတ် (၇၅၂) မှာတာဝါတိုင်တစ်တိုင်၊ ညောင်ကန်ကျေးရွာ အိမ်အမှတ် (၁၁၂)မှာ တာဝါတိုင်တစ်တိုင် စုစုပေါင်း တာဝါတိုင်သုံးတိုင် တည်ဆောက်လျက်ရှိပါတယ်။ အလားတူပဲ Ooredoo Myanmar Limited ကလည်း ဝေါမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်မှာ တာဝါတိုင်တစ်တိုင်၊ ဇကရာဇ်ကျေးရွာမှာ တာဝါတိုင် တစ်တိုင်၊ ကြိုက်လှကျေးရွာမှာ တာဝါတိုင်တစ်တိုင်၊ အဗျားငှက်ချောဝင်းကျေးရွာမှာ တာဝါ

တိုင်တစ်တိုင်၊ ကွေးကြီးအုပ်စု၊ ဖိုးစိန်နာစုကျေးရွာမှာ တာဝါတိုင်တစ်တိုင်နှင့် ဆီးဖြူကုန်းအုပ်စု ကွင်းအမှတ် (၁၂၁၄/အေ) ဦးပိုင်အမှတ်(၆၃/၁)မှာ တာဝါတိုင်တစ်တိုင် စုစုပေါင်းတာဝါတိုင်ခြောက်တိုင်ကို တည်ဆောက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့အနေနဲ့ မြန်မာနိုင်ငံတစ်ဝှမ်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာ မြို့ပေါ်များသာမက ကျေးလက်ဒေသအထိ မိုဘိုင်းတယ်လီဖုန်းကွန်ရက် လွှမ်းခြုံအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ အမှတ်(၂၄) ပြည်သူပိုင်လမ်းမကြီးကို မြေပေးမိန့်အတုဖြင့် ခြံခတ်ပြီး ကျပ်သိန်း(၇၀)ဖြင့် ရောင်းစားသည့်ကိစ္စနှင့်ပတ်သက်၍ မည်သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ပြည်သူပိုင်လမ်းမကြီးနဲ့စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ပြည်သူ့လွှတ်တော်ကို တင်ပြမေးမြန်းခဲ့တဲ့မေးခွန်းထဲမှာ ဒုတိယအကြိမ်မြောက်မေးခွန်းလည်းဖြစ်ပါတယ်။ ပထမအကြိမ်တုန်းကတော့ ကြယ်ပွင့်မပြအနေနဲ့မေးမြန်းခဲ့တာပဲဖြစ်ပါတယ်။ ဒီလိုမေးမြန်းခဲ့ရတာလည်းပဲ ဖြေရှင်းဆောင်ရွက်မှု နှေးကွေးကြန့်ကြာနေတဲ့အတွက်မေးမြန်းခဲ့ရခြင်းဖြစ်ပါတယ်။ ပထမအကြိမ်မေးခွန်းကို ပြည်ထဲရေးဝန်ကြီးရဲ့ဖြေကြားချက်မိတ္တူကိုလည်းပဲ ပူးတွဲတင်ပြပြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးကိစ္စနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူများမှ ၁၃-၁၂-၂၀၁၃ ရက်နေ့တွင် တစ်ကြိမ်၊ ၁-၁၁-၂၀၁၄ တွင် တစ်ကြိမ်၊ တရားဥပဒေစိုးမိုးရေးအတွက် နှစ်ကြိမ်တိုင် ဆန္ဒထုတ်ဖော်တောင်းဆိုခြင်းများ ပြုလုပ်ခဲ့ကြတာကိုလည်းပဲ တွေ့ရပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက်သာ မေးမြန်းခဲ့ခြင်းဖြစ်ပြီး အဖွဲ့အစည်းတစ်ခု၊ တစ်စုံတစ်ယောက်ကို ထိခိုက်နစ်နာစေလို၍ မေးမြန်းခဲ့ခြင်းလည်းမဟုတ်ပါ။ သို့ပါ၍ အောက်ပါမေးခွန်းအား မေးမြန်းအပ်ပါတယ်။ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ အမှတ်(၂၄) ပြည်သူပိုင် လမ်းမကြီးကို မြေပေးအမိန့်

အတုဖြင့်ခြံခတ်ပြီး ကျပ်သိန်း(၇၀)ဖြင့် ရောင်းစားသည့်ကိစ္စနှင့်စပ်လျဥ်း၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် မည်သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါ တယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့ မေးခွန်းနဲ့စပ်လျဥ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းကပဲ ကြယ်ပွင့်မပြမေးခွန်းကို မေးမြန်းခဲ့ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့တာရှိပါတယ်။ ဒါကတော့ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီမှာ စိစစ်တွေ့ရှိချက်များအရ အမှုတွင် ပါဝင်ပတ်သက်သူများဖြစ်သော ဦးမြင့်၊ ကိုဇော်မင်းသန်း၊ ဦးသိန်းဇော်မြင့်၊ ဦးဇော်လွင်ဦး၊ ဦးဇော်ထူး၊ ဦးဇော်ဝင်းနှင့် ဦးသိန်းနိုင်တို့ ခုနှစ်ဦးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉/၁၀၉ အရ အမှုဖွင့်အရေးယူသင့်ပါကြောင်း စိစစ်သုံးသပ်ဆုံးဖြတ်ချက်အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၁၃-၇-၂၀၁၄ ရက်နေ့တွင် တင်ပြထားမှုအခြေအနေအား သိရှိနိုင်ကြောင်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ထိုကဲ့သို့ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီရဲ့တင်ပြချက်များအပေါ် ၈-၈-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၄)မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို တာဝန်မှရပ်စဲရေးဆောင်ရွက်ရန်နှင့် လိမ်လည်သက်သေခံမှုများအား နောင်မပြုလုပ်ရေးခံဝန်ချက်ရယူရန် ဆုံးဖြတ်ခဲ့ကြောင်းလည်း သိရှိရပါတယ်။

စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက် ကွင်းအမှတ်(၇၉၇) ရထောင်(၈) ဦးပိုင်အမှတ်(၃/၁-ခ) မြေဧရိယာ ၀.၁၆၆ ဧကမှာရှိတဲ့ အခင်းဖြစ်မြေကွက်ဟာ အများပိုင်လမ်းမြေကို ကျူးကျော်နေကြောင်း တွေ့ရှိရတဲ့အတွက် စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မြေကွက်နှင့်

ဆက်စပ်သော မြေစာရင်းပုံစံ(၁၀၅)နှင့် ဆက်စပ်သော ပိုင်ဆိုင်ခွင့်ဟု ယူဆရသည့် စာရွက်စာတမ်းများ အား ပယ်ဖျက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖြစ်သူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်အား ရွှေမင်းဝံ ရပ်ကွက်အုပ်ချုပ်ရေးမှူးအပေါ် စနစ်တကျစီမံကြပ်မတ်ရန်အားနည်းတဲ့အတွက် ၉-၂-၂၀၁၄ မှာလည်း စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီမှ မှတ်တမ်းတင် သတိပေးလက်မှတ်ရေးထိုးစေခဲ့ပြီးလည်း ဖြစ်ပါ တယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၈-၈-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေး အမှတ်စဉ်(၂၄/၂၀၁၄) ဆုံးဖြတ်ချက်အရ ရွှေမင်းဝံရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးသိန်းဇော်မြင့် အား စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂-၉-၂၀၁၄ ရက် ရက်စွဲပါစာအမှတ် (၄၉/၂၀၁၄)ဖြင့် တာဝန်မှရပ်စဲခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကိုင်းခရိုင်တရားရုံးမှာလည်း လိမ်လည်၍ ကျမ်းကြိမ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် ဦးဇော်ဝင်း၊ ဦးသိန်းနိုင်၊ ဦးဇော်လွင်ဦး၊ ဦးဇော်ထူးတို့အား နောက်နောင် အလားတူဆောင်ရွက်ခြင်းမျိုး မပြုလုပ်ရန်အတွက် စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ ၈-၉-၂၀၁၄ ရက်နေ့မှာလည်း ခံဝန်ချက် များ လက်မှတ်ရေးထိုးစေခဲ့ပြီးဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနရဲ့တင်ပြချက်အရ နိုင်ငံတော်သမ္မတရုံး လာဘ်ပေးလာဘ်ယူမှု အရေးယူ ဆောင်ရွက်ရေးကော်မတီမှ ၂၈-၅-၂၀၁၄ ရက် ရက်စွဲပါစာအမှတ်ဖြင့် စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီး ဌာန ဒုတိယဦးစီးမှူး ဦးဝင်းနိုင်စိုးပါ ငါးဦးတို့အား ဌာနဆိုင်ရာအရ အရေးယူဆောင်ရွက်ရန် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပါတယ်။ ထိုသို့အကြောင်းကြားချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့များဖြင့် ဖွဲ့စည်း စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များအရ အရေးယူပြီးဖြစ်ကြောင်း ၂၃-၁၂-၂၀၁၄ ရက် ရက်စွဲပါစာ အမှတ်ဖြင့် နိုင်ငံတော်သမ္မတရုံး လာဘ်ပေးလာဘ်ယူအရေးယူဆောင်ရွက်ရေးကော်မတီကိုလည်း ပြန်လည်တင်ပြထားပြီးဖြစ်ပါတယ်။ ဒီအခြေအနေကတော့ မြို့နယ်မြေစာရင်းဦးစီးဌာန မြေတိုင်း(၄) ဦးဇော်မင်းသန်းအား ၂၅-၄-၂၀၁၄ ရက်နေ့မှာလည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဦးမြင့်အား ၁၆- ၉-၂၀၁၄ ရက်နေ့မှာလည်းကောင်း ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်စိုးနှင့် အငယ်တန်းလက်နှိပ်စက်စာရေး ဒေါ်မြင့်မြင့်ထွေးကိုလည်း စာဖြင့်သတိပေးပြီး ဖြစ်ကြောင်းကိုလည်း ပြန်ကြားခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာနမှ ၃-၂-၂၀၁၄ ရက်စွဲပါစာအမှတ်ဖြင့် စစ်ကိုင်းမြို့ ရွှေမင်းဝံ ရပ်ကွက် အမှတ်(၂၄) လမ်းမကြီးအား ပိတ်ဆို့လျက် ခြံစည်းရိုးများကာရံ၍ အိမ်ခြံကွက်ဖော်ပြီး ကိုယ်ကျိုးရှာနေခြင်းနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးနိုင်ရန် အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာနကို တာဝန်ပေးအပ်ခဲ့ပါတယ်။ ယင်းသို့ တာဝန်ပေးအပ်မှုအပေါ် စစ်ဆေးတွေ့ရှိချက်များအရ မြေတိုင်းအဆင့်(၄) ဦးဇော်မင်းသန်း၊ လက်ထောက်ဦးစီးမှူး(စစ်ဆေးရေး) ဦးမြင့်နှင့် ရွှေမင်းဝံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်မြင့်တို့အား ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုအတိုင်းအတာအရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉/၁၀၉ ဖြင့် အရေးယူဆောင်ရွက်နိုင်ရန် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ၁၉-၂-၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကို ပြန်လည်တင်ပြလာပါတယ်။ ထိုသို့တင်ပြ ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၅-၂-၂၀၁၅ ရက် ရက်စွဲပါစာအမှတ်ဖြင့် တင်ပြလာမှုနှင့်စပ်လျဉ်း ၍ အရေးယူဆောင်ရွက်ရန် ပြန်လည်အကြောင်းကြားခဲ့ပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်ရာ ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ ၁၀-၃-၂၀၁၅ ရက်နေ့တွင် မြေတိုင်းအဆင့်(၄) ဦးဇော်မင်းသန်း၊ လက်ထောက်ဦးစီးမှူး(စစ်ဆေးရေး) ဦးမြင့်နှင့် ရွှေမင်းဝံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်မြင့်တို့ အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉/၁၀၉ ဖြင့် စစ်ကိုင်းမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ပြီး ဖြစ်ပါတယ်။ မြို့နယ်တရားရုံးမှ အဆိုပါအမှုအား ပြစ်မှုကြီးအမှတ် (၂၈၂/၂၀၁၅) ဖြင့် စစ်ဆေးအရေး ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**မူကြမ်း**

**ကောလင်းမြို့၊ အောင်မင်္ဂလာရပ်ရှိ ဒေါ်ငွေငွေဝင်း တရားဝင်ဝယ်ယူခဲ့သော သုဝဏ္ဏရပ်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၃၂၀-က) ဂရန်မြေဧရိယာ (၀.၀၉၂)ဧကနှင့် ဦးပိုင်အမှတ်(၃၂၀-ခ) ဂရန်မြေဧရိယာ (၀.၀၉၂) ဧကတို့ကို အငှားဂရန်ပယ်ဖျက်ရန် မှတ်ချက်ပြုခဲ့ခြင်းအပေါ် ဆက်လက်ဆောင်ရွက်ခဲ့သော သက်ဆိုင်ရာဌာနများ၏ အမိန့်နှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုရှိပါသဖြင့် ဥပဒေအရ မည်သို့ကာကွယ်ကုစားပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ အားလုံးပဲ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့လည်း ဆုတောင်းအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ရဲ့ ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်ဟာ နိုင်ငံသားများရဲ့ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်းပြီး ဥပဒေအရ ကာကွယ်ပေးရမယ်လို့ ပြဋ္ဌာန်းပါရှိတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဖြစ်စဉ်အကြောင်းအရာတွေကိုတော့ မေးခွန်းမေးမြန်းစဉ်က အသေးစိတ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အချိန်အတိုင်းအတာအရ လိုရင်းကိုပဲ ကျွန်တော် မေးသွားမှာဖြစ်ပါတယ်။ ယခု ဒီမေးခွန်းဖြစ်ပေါ်ခဲ့တဲ့ ကောလင်းမြို့၊ သုဝဏ္ဏရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ် (၃၂၀-က)၊ (၃၂၀-ခ)တို့နှင့်ပတ်သက်ပြီး ဒီမြေကွက်ကို လူနေအိမ်ယာဖော်ထုတ်စဉ်က မြို့နေရာတိုးချဲ့ချထားရေးကော်မတီက အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို တင်ပြအတည်ပြုချက်ရယူခဲ့ပါတယ်။ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း ကန့်ကွက်ရန်မရှိကြောင်း၊ အတည်ပြုကြောင်း ပြန်ကြားခဲ့တာကြောင့်မို့လို့ လူနေအိမ်ရာဖော်ထုတ်ပြီး မြေနေရာတွေကို ချထားပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြို့မြေနေရာချထားရေးကော်မတီက လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ တရားဝင်ချထားပေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ဒီချထားပေးခဲ့တဲ့မြေကွက်တွေထဲက မြေကွက်အမှတ်(၂၉) ဦးပိုင်အမှတ် (၃၂၀-က)နှင့် (၃၂၀-ခ)ကို မူလအမည်ပေါက် ရသူများထံကနေပြီးတော့မှ ပထမ ဦးလှသိန်းက ဝယ်ယူခဲ့တယ်။ ဦးလှသိန်းထံကနေ တစ်ခါ ဒေါ်ငွေငွေဝင်းက ဝယ်ယူခဲ့ပါတယ်။ ဦးလှသိန်းက မူလအမည်ပေါက်ရတဲ့

သူတွေထံက ဝယ်ယူတဲ့နေရာမှာလည်းကောင်း၊ ဦးလှသိန်းထံကနေ ဒေါ်ဌေးဌေးဝင်းက ဝယ်ယူတဲ့ နေရာ မှာလည်းကောင်း၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ၊ စာချုပ်စာတမ်း၊ မှတ်ပုံတင်အက်ဥပဒေ များနှင့်အညီ ကောလင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးမှာ မှတ်ပုံတင်ပြီး ကျသင့်တဲ့တံဆိပ် ခေါင်းခွန်၊ အခွန်အခတွေကို အပြည့်အဝပေးဆောင်ပြီးမှ ဝယ်ယူခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံသား တစ်ဦးရဲ့ထမ်းဆောင်ရမယ့်တာဝန်တွေကို ထိန်ချန်မှုမရှိဘဲ တာဝန်ကျေစွာပေးသွင်းပြီးမှ ဝယ်ယူခဲ့တာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒေါ်ဌေးဌေးဝင်းအနေနဲ့ ပြဋ္ဌာန်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ဝယ်ယူခဲ့တဲ့၊ တရားဝင်ရရှိခဲ့တဲ့မြေကွက်နှစ်ကွက်ကို လမ်းမြေ သတ်မှတ်ရန်ဖြစ်၍ ဂရန်ပယ်ဖျက်ခဲ့ခြင်းသည် လူနေအိမ်ယာမြေကွက်အဖြစ် တရားဝင်ချထားပေးပြီး ၁၀ နှစ်ကျော်မှ ပယ်ဖျက်ခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးအနေဖြင့် နစ်နာမှုများရှိပြီး မူလအခွင့် အရေးများ ဆုံးရှုံးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၅၆ တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ နိုင်ငံသားတစ်ဦးဖြစ်သော မူလ အခွင့်အရေးများနစ်နာဆုံးရှုံးမှုတွင် ဥပဒေအရ မည်သို့ကာကွယ်ပေးရမည်၊ ကုစားပေးမည်ကို သိရှိလို ပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော်ကပဲဆက်လက် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၆-၈-၁၉၉၀ ရက်စွဲပါစာအမှတ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် သုဝဏ္ဏရပ်ကွက် အကွက်အမှတ်(၂၉)အပါအဝင် မြေဧရိယာ ၁၀၂.၇၆ ဧကအား မြို့ပြအိမ်ယာကွက်များ တိုးချဲ့ ဖောက်လုပ်ရန်အတွက် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ (လန/၃၉) ခွင့်ပြုမိန့် ပေးခဲ့ပြီးဖြစ်ပါတယ်။ (လန/၃၉) ခွင့်ပြုမိန့်ရရှိသော အကွက်အမှတ်(၂၉)၌ စိုက်ပျိုးရေးပညာပေး အထွက်တိုးစခန်းနှင့် လျှပ်စစ်ဓာတ်အားခွဲရုံအဆောက်အအုံတို့သာ တည်ရှိသာဖြစ်တဲ့အတွက် မြို့မြေ

ကွက်များ ချထားရေးကော်မတီမှ ၂၈-၁၁-၂၀၀၁ ရက် ရက်စွဲပါစာအမှတ်ဖြင့် မြေကွက် ၁၁ ကို ဖော်ထုတ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဖော်ထုတ်ရရှိခဲ့သော မြေ ၁၁ ကွက်အနက် ဦးပိုင်အမှတ် (၃၂၀/က) အား ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အခွန်အမှုတွဲအမှတ် (၁၁၄/ငါး၊ ၂၀၀၂-၂၀၀၃) ဖြင့် ဦးအောင်ကျော်ထွန်း (မြို့နယ်မြေစာရင်းဦးစီးဌာနမှူး) အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်(၃၂၀/ခ) အား အခွန်အမှုတွဲအမှတ် (၁၂၁/ငါး၊ ၂၀၀၂-၂၀၀၃)ဖြင့် ဦးတင်ဦး အမည်ဖြင့် လည်းကောင်း၊ ၂၁-၄-၂၀၁၂ ရက်နေ့အထိ ၁၀ နှစ်သက်တမ်းရှိသောမြေငှားဂရန်ကို ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီနောက် ဦးအောင်ကျော်ထွန်းနှင့် ဦးတင်ဦးတို့နှစ်ဦးက ဦးလှသိန်းအား ၎င်းတို့ရဲ့ ၁၀ မြေငှားဂရန်ခွင့်ပြုထားသောမြေကွက်များအား စာချုပ်ဖြင့် ရောင်းချခဲ့ပြီး ၂၂-၉-၂၀၀၄ ရက်နေ့တွင် ကောလင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ခဲ့ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါမြေကွက်နှစ်ကွက်ကို ဝယ်ယူခဲ့သူ ဦးလှသိန်းမှ အိမ်ဆောက်ခြင်း၊ ခြံခတ်ခြင်း၊ အမည် ပြောင်းဂရန်လျှောက်ထားခြင်းတို့ မဆောင်ရွက်ဘဲ ဦးလှသိန်းမှ ဒေါ်ဌေးဌေးဝင်းထံသို့ ထပ်မံရောင်းချ ခဲ့ရာ ဌေးဌေးဝင်းမှ ကောလင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၇-၁- ၂၀၁၂ ရက် ရက်စွဲပါစာ အမှတ် (၂/၂၀၁၂)ဖြင့် မှတ်ပုံတင်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ ဒေါ်ဌေးဌေးဝင်းမှ ဝယ်ယူပြီး နောက် သုဝဏ္ဏရပ်ကွက်နေ ဦးချစ်လှိုင်ပါ ခြောက်ဦးနှင့် ဦးဝင်းကိုကိုတို့မှ လမ်းမြေကို ဂရန်ရယူ၍ အခြားတစ်ဦးသို့ လွှဲပြောင်းမည့်ကိစ္စကို ကန့်ကွက်ကြောင်းနှင့် လမ်းမြေပြန်လည်ဖော်ထုတ်ပေးရန် မြို့နယ်/ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ အသီးသီးလိပ်မူပြီး တော့ တိုင်ကြားခဲ့ပါတယ်။ ထိုသို့တင်ပြချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်မြေစာရင်းဦးစီး မှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ ကို ဖွဲ့စည်းပြီးတော့ တာဝန်ပေးအပ်ခဲ့ပါတယ်။ အဆိုပါ စစ်ဆေးရေးအဖွဲ့မှ မြေကွက်အမည်ပေါက်သူ ဦးအောင်ကျော်ထွန်းနှင့် ဦးတင်ဦးတို့အမည်ဖြင့် ၁၀ နှစ် မြေငှားဂရန်ထုတ်ပေးသော်လည်း ၂၁-၄- ၂၀၁၂ ရက်နေ့တွင် ဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါတယ်။ ယနေ့အထိ ၎င်းတို့ရဲ့အမည်ပေါက်ရှိနေ ကြောင်းနှင့် ဒေါ်ဌေးဌေးဝင်း အမည်ဖြင့် တရားဝင်ဝယ်ယူထားသော်လည်း လမ်းမြေဖြစ်နေ၍ အမည် ပြောင်းသက်တမ်းဂရန်ထုတ်ပေးရန်မသင့်ကြောင်း တွေ့ရှိသုံးသပ်ချက်ကို တင်ပြခဲ့ပါတယ်။ အဆိုပါ သုံးသပ်ချက်များအရ အဆင့်ဆင့်တင်ပြခဲ့ပြီးနောက် အထက်ဌာနများရဲ့စိစစ်ခွင့်ပြုချက်များအရ သက်ဆိုင်ရာကော်လိတ်တော်အရာရှိမှ မြေယာလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေငှားဂရန်နှစ်ခု အား ၁၄-၁-၂၀၁၃ ရက်နေ့ ရက်စွဲပါစာအမှတ်ဖြင့် ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

လမ်းမြေများကို ဝယ်ယူထားသူ ဒေါ်ဌေးဌေးဝင်းမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ဆုံးရှုံးမှုများ အပေါ် ပြန်လည်စဉ်းစားပေးရန် ၁၅-၇-၂၀၁၃ ရက်နေ့တွင် ထပ်မံတင်ပြခဲ့ပါတယ်။ တင်ပြခဲ့သည့် နေရာသည်လမ်းမြေဖြစ်ခြင်း၊ မြေဂရန်ချထားပေးသော်လည်း အဆောက်အအုံဆောက်လုပ်မှုမရှိခြင်း၊ ဂရန်ဖျက်သိမ်းမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ခြင်းတို့ကြောင့် ပြန်လည်ချထား ပေးမည်မဟုတ်ကြောင်း ကာယကံရှင်အနေဖြင့် နစ်နာမှုအတွက် စာချုပ်စာတမ်းဖြင့် မြေရောင်းချသူ များထံမှ ပြန်လည်တောင်းဆိုသွားရေး ကာယကံရှင်အား ခေါ်ယူရှင်းလင်းရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ၅-၃-၂၀၁၃ ရက် ရက်စွဲပါစာအမှတ်ဖြင့် ကောလင်းမြို့နယ် အုပ်ချုပ်ရေးမှူးအား ညွှန်ကြားခဲ့တဲ့အတွက် ဒေါ်ဌေးဌေးဝင်းကို ၂၅-၃-၂၀၁၃ ရက်နေ့တွင် ခေါ်ယူအသိပေးရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကောလင်းမြို့၊ မြို့မကုန်းရပ်ကွက်၊ အကွက်အမှတ်(၂၉) ဦးပိုင်အမှတ် (၃၂၀/က) နှင့် ဦးပိုင်အမှတ် (၃၂၀/ခ)တို့၏ ဦးအောင်ကျော်ထွန်း၊ ဦးတင်ဦး အမည်ပေါက် မြေငှား ဂရန်များကို ကော်လိတ္တော်အရာရှိမှ မြေယာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ပြီးဖြစ်တဲ့အတွက် ဒေါ်ဌေးဌေးဝင်းအနေဖြင့် ၎င်း၏နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ မြေကွက်ဝယ်ယူစဉ်က ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါအချက်အလက်များအတိုင်း တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရာတွင် သိမ်းဆည်းခံရသော ပြင်စည်ကျေးရွာ ကွင်းအမှတ်(၇၅၀/က)၊ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ(၄.၅၂)ဧကကို မူလပိုင်ရှင်မှ ဆုံးရှုံးပြီး ကြားလူ တစ်ယောက်က အကျိုးခံစားခွင့်ရရှိနေခြင်းကို မူလပိုင်ရှင်အား နစ်နာဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ပေး မည့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပေါခင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာ ကွင်းအမှတ်(၇၅၀/က)၊ ဦးပိုင်အမှတ် (၉၀)၊ ဧရိယာ ၄.၅၂ ဧကရှိတဲ့ မြေနှင့် ပတ်သက်လို့ မေးခွန်းမေးမြန်းခြင်းပြုပါမယ်ခင်ဗျား။ ဒါနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ ၂၃-၈-၂၀၁၄ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တင်ပြခဲ့တာ ကတော့ ဒီမြေနဲ့ပတ်သက်လို့ မှခင်းလမ်းကြောင်းအရမဟုတ်ဘဲ သိမ်းဆည်းခံမြေလမ်းကြောင်းမှ

တင်ပြခွင့်ပြုပါလို့ ပြည်ထောင်စုလွှတ်တော် နာယကကြီးကို ပန်ကြားခဲ့ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရာမှာ ရဲစခန်းဆောက်လုပ်ရန်အတွက် မူလပိုင်ရှင်ဒေါ်လှိုင်ထံမှ သိမ်းဆည်းခဲ့ခြင်းဖြစ်ပါတယ်။ ယခုအကျိုးခံစားနေသည်မှာ ဦးအောင်ဝင်းထံမှ သိမ်းဆည်းခြင်း မဟုတ်ပါ။ ရဲစခန်းမဆောက်ဖြစ်ပါ။ အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားပါတယ်။ အင်္ဂတေကြမ်းခင်း သာကျန်ရှိခဲ့ပါတယ်။ ဒီလိုရဲစခန်းမဆောက်ဖြစ်သော်လည်း မူလပိုင်ရှင်ကို မည်သူမှအကြောင်းကြား ခဲ့ခြင်းလည်းမရှိပါဘူး။ သိမ်းဆည်းချိန်ကလည်း မူလပိုင်ရှင်ကို ဘာမှမပြောပါဘူး။ ဆောက်လုပ်ရေးက သူတို့ဘာသာသူတို့ လမ်းနယ်နိမိတ်သတ်မှတ်ပြီးတော့ သိမ်းဆည်းသွားခြင်းဖြစ်ပါတယ်။ မဆောက်ဖြစ် သော်လည်း မည်သူကိုမျှအကြောင်းမကြားပါ။ ဒီအတိုင်းပဲ ပြန်လည်ထွက်ခွာသွားခြင်းဖြစ်ပါတယ်။ ဒီမှာရိုးသားတဲ့ တောသူတောင်သားများဖြစ်သည့်အလျောက် ဒေါ်လှိုင်တို့က ပြန်တောင်းရကောင်း မှန်းလည်းမသိပါဘူး။ မိမိရဲ့ယာမြေကိုလည်း ဝင်ရောက်ထွန်ယက်ခြင်းလည်း မပြုရဲပါဘူး။ မည်သူကို ဘာပြောရမှန်းမသိဘဲနဲ့ ဒီအတိုင်းနေလာခဲ့ကြတာပါ။ အဲဒီမှာ ကြားလူဖြစ်တဲ့ ဦးအောင်ဝင်းကနေ ပြီးတော့ ကွင်းဆင်းစာရေးနှင့်ပူးပေါင်းပြီးတော့ မမြဦးပိုင်ရယူပြီးတော့ စည်းမဲ့ကမ်းမဲ့ ဒီမြေယာတွေကို အကွက်ရိုက်ပြီးတော့ ရောင်းချခဲ့ပါတယ်။

အဲဒီမှာ ဒေါ်လှိုင်ကနေပြီးတော့ မိမိရဲ့ယာမြေကိုဆင်းပြီးတော့ ထွန်ယက်ပျိုးကြဲရာမှာ ဦးအောင်ဝင်းကနေပြီးတော့ တရားစွဲဆိုခဲ့ပါတယ်။ ရပ်/ကျေးစီမံအဖွဲ့ကနေပြီးတော့ သက်သေခိုင်လုံ သဖြင့် ဒေါ်လှိုင်ကိုအနိုင်ပေးပါတယ်။ ဦးအောင်ဝင်းက မကျေနပ်သဖြင့် မြို့နယ်တက်ပါတယ်။ ဒေါ်လှိုင် ရှုံးပါတယ်။ ခရိုင်ကိုတက်ပါတယ်။ ဒေါ်လှိုင်ရှုံးပါတယ်။ တိုင်းဒေသကြီးကိုတက်ပါတယ်။ ဒေါ်လှိုင်ရှုံးပြန်ပါတယ်။ တိုင်းဒေသကြီးကနေပြီးတော့ အပြီးအပြတ်ဟုဆိုပါတယ်။ အဲဒီတော့ မြို့နယ် ခရိုင်မြေစီမံအဖွဲ့တို့ရဲ့ သဘောရိုးဖြင့် ဆုံးဖြတ်တယ်ဆိုတာကို သံသယဖြစ်ဖွယ် အခြေအနေများစွာ ပေါ်ပေါက်ခဲ့ပါတယ်။ ဦးအောင်ဝင်းဘက်မှပြတဲ့ အဓိကကျတဲ့ ယာချင်းဆက်သက်သေများဟာ မမှန်ကန်ပါဘူး။ လေးယောက်နှင့် သုံးယောက်ဟာ အခြားရွာသားများဖြစ်ပြီး ယာချင်းဆက်မဟုတ် ကြပါ။ ကျန်တစ်ယောက်မှာလည်း မပီပြင်ပါ။ ကျွန်တော်ကိုယ်တိုင် ကျေးရွာအုပ်ချုပ်ရေးမှူးကို မေးမြန်း၍ သိရှိခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က စေတနာမေတ္တာထားပြီး လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရခြင်းကြောင့် အမှန်တကယ် နစ်နာဆုံးရှုံးသူများအား ပြန်လည်ပေးအပ် လျက်ရှိရာ အသိမ်းဆည်းခံရသူ မူလပိုင်ရှင် ဒေါ်လှိုင်ကမရရှိဘဲ ဥပဒေကို လက်တစ်လုံးခြား အသုံးချသူ ဦးအောင်ဝင်းက ရရှိခံစားနေသည်မှာ လုံးဝလက်ခံနိုင်စရာမရှိပါခင်ဗျား။ သို့ဖြစ်ပါ၍

အောက်ပါ မေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့ကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၁) ယင်းအချင်းဖြစ်မြေ၏ မူလပိုင်ရှင်မှာ အမည်ပေါက်ဦးဉာဏ်ကျယ်၏ သမီး ဒေါ်လှိုင်ဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့်တိုင်းမြေယာစီ/မံအဖွဲ့များသိရှိပါသလား။ မေးခွန်း(၂) ရန်ကုန်-မန္တလေး အမြန်းလမ်းမကြီးဖောက်လုပ်ရာတွင် မူလပိုင်ရှင်ဒေါ်လှိုင်ထံမှ သိမ်းဆည်းခဲ့ခြင်းကို သိရှိပါသလား။ မေးခွန်း(၃) ယခု အကျိုးခံစားခွင့်ရရှိနေသူ ဦးအောင်ဝင်းက ဥပဒေကို လက်တစ်လုံးခြား အသုံးချကာ ဥပဒေမဲ့သုံးစွဲခဲ့ခြင်း၊ သုံးစွဲနေခြင်းတို့ကို သက်ဆိုင်ရာတို့မှ သိရှိပါသလား။ မေးခွန်း(၄) ဆုံးရှုံးနစ်နာသူ မူလပိုင်ရှင် ဒေါ်လှိုင်ကို ယင်းမြေကွက်အား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်၌ ပြန်လည်ပေးအပ်မည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် မပေးအပ်နိုင်ကြောင်းကို သိရှိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာမှ ကွင်းအမှတ်(၇၅၀/က)၊ ဦးပိုင်အမှတ် (၉၀)၊ ယာမြေဧရိယာ ၄.၅၂ ဧကအား ဒေါ်လှိုင်ရဲ့ဖခင် ဦးဉာဏ်ကျယ်မှ စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး မြေခွန်ပြေစာများအား ဦးဉာဏ်ကျယ်အမည်ဖြင့် ထမ်းဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဦးဉာဏ်ကျယ် ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်သောင်းတင်သည် ၁၉၉၄ ခုနှစ်တွင် တူမဖြစ်သူ ဒေါ်တိုးကြည်၏ ခင်ပွန်း ဦးအောင်ဝင်းအား အဆိုပါ ယာမြေဧရိယာ ၄.၅၂ ဧကကို စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ နှုတ်ကတိဖြင့် ရောင်းချခဲ့ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ မြေဧရိယာအား ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် သိမ်းဆည်းရန် လျာထားခဲ့သော်လည်း သိမ်းဆည်းခဲ့ခြင်းမရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

နွားထိုးကြီးမြို့နယ်၊ ပြင်စည်အမြန်လမ်း ရဲစခန်းသည် ပြင်စည်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၅၁/ခ) အောက်ကန်သစ်အရှေ့ ဦးပိုင်အမှတ်(၆၂/၂၊ ၆၃/၂၊ ၆၄/၂၊ ၆၉/၂၊ ၇၀/၂၊ ၇၁/၂) မြေဧရိယာ ၃.၉၂ ဧကအပေါ်တွင် တည်ရှိပြီးတော့ ၁၀-၁-၂၀၁၃ ရက်နေ့မှ ၉-၁-၂၀၄၃ ရက်နေ့အထိ နှစ် ၃၀ ဂရန်ကိုလည်း ရရှိထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ရာ ပြင်စည်အမြန်လမ်း ရဲစခန်းမြေနေရာသည် ပြင်စည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၅၀/က)၊ ဦးပိုင်အမှတ်(၉၀)၊ မြေဧရိယာ ၄.၅၂ ဧကနှင့် သက်ဆိုင်ခြင်းမရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ဦးအောင်ဝင်းဟာ ၁၀-၅-၂၀၁၃ ရက်စွဲပါစာအမှတ်ဖြင့် ဝင်းဝယ်ယူထားသော ယာမြေပေါ်တွင် ရာသီသီးနှံစိုက်ပျိုးနေမှုအား ဦးကျော်ဝင်းနှင့် ဒေါ်လှိုင်တို့မှ လာရောက်တားမြစ်နေကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေအရ စိစစ်ဆောင်ရွက်မှသာလျှင် တိကျသောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ပြင်စည်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၌ မူလမြေယာမှုခင်း ဖွင့်လှစ်စစ်ဆေးဆောင်ရွက်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၁-၆-၂၀၁၃ ရက်စွဲပါစာအမှတ်ဖြင့် ပြင်စည်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားခဲ့ပါတယ်။

ထိုအကြောင်းကြားချက်အရ ပြင်စည်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် အဆိုပါအငြင်းပွားမှုအား မြေယာမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ချက်များအရ ပြင်စည်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၁၂-၁၀-၂၀၁၃ ရက်စွဲပါ ဆုံးဖြတ်ချက်ဖြင့် အဆိုပါ မြေဧရိယာ ၄.၅၂ ဧကအား ဒေါ်လှိုင်ကို လုပ်ကိုင်ခွင့်ချထားပေးရန် ဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါဆုံးဖြတ်ချက်အား ဦးအောင်ဝင်းမှ ကျေနပ်မှုမရှိ၍ ၁၄-၁၀-၂၀၁၃ ရက်နေ့တွင် နွားထိုးကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံဝင်ရောက်ခဲ့ပါတယ်။ ဦးအောင်ဝင်းရဲ့ အယူခံလျှောက်ထားမှုနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နှစ်ဖက်အငြင်းပွားသူများနှင့် သက်သေများအား စစ်ဆေးခဲ့တဲ့အပြင် ၅-၁၁-၂၀၁၃ ရက်နေ့တွင် အချင်းဖြစ်မြေနေရာကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်များအရ နွားထိုးကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၁၄-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ်ဖြင့် အဆိုပါယာမြေဧရိယာ ၄.၅၂ ဧကအား ဦးအောင်ဝင်းကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါတယ်။

**မူကြမ်း**

ဒေါ်လှိုင်ဟာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ၂၈-၁၁-၂၀၁၃ ရက်နေ့တွင် မြင်းခြံခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်အယူခံဝင်ရောက်ခဲ့ပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အငြင်းပွားသူများနှင့် နှစ်ဖက်သက်သေများအား ခေါ်ယူစစ်ဆေးပြီး အချင်းဖြစ်နေရာသို့ ၃၁-၁-၂၀၁၄ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ထိုကဲ့သို့စစ်ဆေးရာတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မူလတိုင်ကြားချက်ပါ ဧရိယာ ၄.၅၂ ဧကတွင်ရှိသော မြေအားလုံးကို ထည့်သွင်းဆုံးဖြတ်ခဲ့သော်လည်း အဆိုပါမြေဧရိယာများအတွင်း လမ်းမြေကျင်း(ချောက်) ဧရိယာ ဝ.၉၂ ဧကနှင့် ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုထားသော မြေဧရိယာ ဝ.၄၃ ဧကတို့ပါဝင်နေတဲ့အတွက် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော မြေဧရိယာမှာ ၃.၁၇ ဧကသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ရာ ဒေါ်လှိုင်မှာ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်သူမဟုတ်ဘဲ ဦးအောင်ဝင်းမှာ မြေပြင်တွင် ၁၉၉၄ ခုနှစ်ကတည်းက အစဉ်အဆက်လုပ်ကိုင်သူဖြစ်တဲ့အတွက် ဒေါ်လှိုင်ရဲ့ အယူခံလျှောက်ထားမှုကို ငြင်းပယ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြီး မြေဧရိယာ ၄.၅၂ ဧကအနက် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သည့်မြေဧရိယာ ၃.၁၇ ဧကကိုသာ ဦးအောင်ဝင်းအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးရန်ခွင့်ပြုကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၁၄-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်ဖြင့် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိတဲ့အတွက် ဒေါ်လှိုင်ဟာ ၁-၄-၂၀၁၄ ရက်နေ့တွင် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်အယူခံဝင်ရောက်ခဲ့ပါတယ်။ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၇-၄-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၄) ဆုံးဖြတ်ချက်အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ) အရ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြောင်းသိရှိရပါတယ်။ ဒေါ်လှိုင်ရဲ့အယူခံလွှာအားပလပ်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း၊ အချင်းဖြစ်မြေ ၄.၅၂ ဧကအနက် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသော ၃.၁၇ ဧကကိုသာ ဦးအောင်ဝင်းအား လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) လျှောက်ထားစေလျက် ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ဝ.၉၂ ဧကကို လမ်းမြေကျင်း(ချောက်)ဧရိယာအဖြစ် ဆက်လက်ထားရှိရန်၊ ခွင့်ပြုချက်မရရှိဘဲ လယ်ယာမြေအခြားနည်းမသုံးပြုထားတဲ့မြေ ဝ.၄၃ ဧကကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန်ဆိုပြီးတော့ ညွှန်ကြားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ

ပြုလုပ်တဲ့ နွားထိုးကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ အဆိုပါ ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေကို အခြားနည်းအသုံးပြုထားသောမြေ ၀.၄၃ ဧက အတွက် သက်ဆိုင်သူများမှ ဒဏ်ငွေကျပ် ၅ သိန်းအား ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)နှင့်အညီ သတ်မှတ်ပေးဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာ ကွင်းအမှတ်(၇၅၀/က)၊ ဦးပိုင်အမှတ် (၉၀)၊ ယာမြေဧရိယာ ၄.၅၂ ဧကအား ဒေါ်လှိုင်၏ဖခင် ဦးဉာဏ်ကျယ်မှ စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး ဦးဉာဏ်ကျယ် ကွယ်လွန်ပြီးနောက်ဇနီးဖြစ်သူမှာ ၁၉၉၄ ခုနှစ်တွင် ဦးအောင်ဝင်းအား အဆိုပါယာမြေဧရိယာ ၄.၅၂ ဧကကိုရောင်းချပြီး အဆိုပါမြေအား ဦးအောင်ဝင်းမှ ဆက်လက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ထို့အပြင် အဆိုပါမြေများအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရာတွင် အသုံးပြုရန်အတွက် သိမ်းဆည်းရန်လျာထားခဲ့သော်လည်း သိမ်းဆည်းခဲ့ခြင်းမရှိပါကြောင်းနှင့် အဆိုပါ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုများအား မြို့နယ်/ခရိုင်/တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်တဲ့အပြင် လယ်ယာမြေဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်ချို၏ (၇)နှစ်ကျော်ခဲ့ပြီဖြစ်သည့် တရားမမှုကို ပြည်ထဲရေးနှင့် စသုံးလုံးသို့ သတင်းပေးပို့ချက်အပေါ် မှိုငြမ်းစွဲဆိုခဲ့သည့် စသုံးလုံးရုံးစာကို ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင်တွင် ထည့်သွင်းထားသည်ကိုသိပါသလား၊ တိုင်ကြားစာကို စသုံးလုံးသည် လျှို့ဝှက်ထားရန် တာဝန်ရှိသည်ကို သိပါသလား၊ အပြင်သို့ ရောက်ရှိသွားသော ရုံးတွင်းစာအတွက် မည်သူ့တွင် တာဝန်ရှိပါသလဲနှင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံး၏ စာမူတွဲအမှတ်(၂၈/၂၀၁၄)နှင့် တရားလွှတ်တော်ချုပ် အမှုတွဲအမှတ် ၇၉/၂၀၁၅ တို့၏ စီရင်ချက်များသည် မှုတမှန်ကန်မှုရှိပါသလားတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်တင်ပြမှာကတော့ မြန်မာနိုင်ငံ တရုတ်တိုင်းရင်းသားသမားတော်များအဖွဲ့အတွင်းမှာ ဖြစ်ပေါ်နေတဲ့ငွေကြေး၊ ပစ္စည်းအလွဲသုံးစားမှုဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ တရုတ်တိုင်းရင်းဆေးသမားတော်များအဖွဲ့ကို အဖွဲ့ဝင် ၁၀၀ ကျော်နဲ့ ၁၉၇၆ ခုနှစ်ကစပြီး ဖွဲ့စည်းခဲ့ပါတယ်။ အဖွဲ့ရဲ့ဥက္ကဋ္ဌ

အဖြစ်နဲ့ ဦးအောင်ချိုက ဆောင်ရွက်ပါတယ်။ ၂၀၀၈ ခုနှစ်ရောက်တဲ့အချိန်မှာ အကျိုးအမြတ်များစွာ ရရှိပြီးတော့မှ ဥက္ကဋ္ဌအနေနဲ့ စာရင်းမရှင်းပါဘူး။ အဖွဲ့ပိုင်အဆောက်အဦကိုလည်း ငှင်းပိုင်ဆိုင်ခွင့်ရဖို့ အတွက်ကို မသမာဆောင်ရွက်မှုများ ပြုလုပ်ထားတာတွေ့ရပါတယ်။ အများပိုင်ငွေကြေးများကိုလည်း အလွဲသုံးစားပြုလုပ်ထားပြီးတော့မှ ဆေးကုသခွင့်လက်မှတ်ကိုလည်း ထုတ်ပေးထားကြောင်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အဖွဲ့ကိုယ်စား ဦးအောင်ကျော်ရင်ပါ ငါးဦးကနေပြီးမှ ပြည်ထဲရေးဝန်ကြီးဌာနကို တိုင်ကြားခဲ့ပါတယ်။ ဒီကိစ္စကို စသုံးလုံးက စစ်ဆေးပါတယ်။ တိုင်ကြားမှုမှန်ကန်တာကြောင့်မို့လို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရ အမှုငါးမှုဖွင့်ပြီးတော့မှ တရားစွဲတဲ့အခါမှာ မြို့နယ်ရုံးကနေပြီးမှ တစ်မှုလျှင်တစ်နှစ်ခွဲနှင့် စုစုပေါင်း ငါးမှုအတွက် ခုနစ်နှစ်ခွဲ ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ သို့သော်လည်းပဲ တရားခံ ဦးအောင်ချိုက အယူခံအဆင့်ဆင့်တက်ရောက်ခဲ့တဲ့အခါမှာ အနောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းရုံးအဆင့်ဆင့်က မြို့နယ်ဆုံးဖြတ်ချက်ကို အတည်ပြုပေးခဲ့သော်လည်း လက်ရှိပြည်ထောင်စုတရားလွှတ်တော်ချုပ်ကနေပြီးမှ ပြောင်းပြန်ပယ်ဖျက်ပြီးမှ အမှုမှလွှတ်ပေးခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်အပေါ်မှာ အမှုသည်များနှင့်တကွ လေ့လာသူများက မေးခွန်းထုတ်စရာအများအပြားရှိခဲ့ပြီးတော့မှ ဥပဒေခြင်းရာ ပြဿနာကနေ့အထိ ပေါ်ပေါက်နေဆဲဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌ ဦးအောင်ချိုဟာ အဲဒီအမှုက လွတ်မြောက်ခဲ့တဲ့အခါမှာ ဦးအောင်ကျော်ရင်ပါငါးဦးကို တရားမနစ်နာကြေး ကျပ်သိန်းငါးထောင် ရလိုမှုနဲ့ပြန်လည်စွဲခဲ့ပါတယ်။ အဲဒီအမှုဖြစ်စဉ်မှာ ဦးအောင်ချိုကိုတရားစွဲခဲ့သူက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စသုံးလုံးဦးစီးမှူး ဦးအောင်မိုးက အမှုစစ်ဆေးပြီးမှ တရားစွဲဆိုခဲ့ခြင်းဖြစ်ပါတယ်။ ဦးအောင်ကျော်ရင်တို့အဖွဲ့က စွဲဆိုခဲ့ခြင်းမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ခရိုင်တရားရုံးက ဦးအောင်ချိုရဲ့တရားမမှုနဲ့ပြန်စွဲတာကို ပလပ်ခဲ့ပါတယ်။ သို့သော်လည်းပဲ အဲဒီအမှုကို ရန်ကုန်တိုင်းတရားရုံးနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ခရိုင်အမိန့်ကို ပယ်ဖျက်ပြီးတော့မှ ဦးအောင်ချိုကို အသာပေးခဲ့ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တရားမမှုစွဲဆိုခြင်းမှာ ပြည်ထဲရေးနှင့်စသုံးလုံးတို့ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ကတိုင်ကြားခဲ့တဲ့ သတင်းပေးပို့ချက်အပေါ်မှာ မှီငြမ်းပြုပြီးမှ စွဲဆိုထားတာတွေ့ရပါတယ်။ အဲဒီလိုတိုင်တဲ့တိုင်စာကို၊ ရုံးတွင်းစာကို ခုနက ဥက္ကဋ္ဌဟောင်း ဦးအောင်ချိုကနေပြီးမှ မည်သည့်နည်းဖြင့် ရယူခဲ့သလဲဆိုတာကို အမှုအတွက်များစွာအရေးကြီးတဲ့အပြင် နောင်မှာလည်းပဲ ယခုလိုလျှို့ဝှက်ထားရမယ့်စာရွက်ကို မရိုးမသား ရယူပြီးတော့မှ တရားဥပဒေစိုးမိုးမှုအတွက်ကို ဒါ ထိခိုက်စေမှုများ ဆက်လက်ကျူးလွန်လာနိုင်ကြောင်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းများကိုမေးမြန်းအပ်ပါတယ်-

**မူကြမ်း**

(၁) စသုံးလုံးရုံးစာကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် တရားမကြီးမှုအမှတ် (၁၁၇၂/၂၀၁၁)တွင် တင်သွင်းထားသည်ကို စသုံးလုံးရုံးက သိပါသလား။

(၂) သတင်းပေးသူ၏ တိုင်ကြားစာကို စသုံးလုံးသည် လျှို့ဝှက်ထားရန် တာဝန်ရှိသည်ကို သိပါသလား။

(၃) အပြင်သို့ရောက်ရှိသွားသော ရုံးတွင်းစာအတွက် မည်သူ့တွင် တာဝန်ရှိပါသလဲ။

(၄) ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ စာမူတွဲအမှတ်(၂၈/၂၀၁၄)နှင့် တရားလွှတ်တော်ချုပ် အမှုတွဲအမှတ်(၇၉/၂၀၁၅)တို့၏ စီရင်ချက်များသည် မှုတမှန်ကန်မှုရှိပါသလားတို့ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရအောင်ကိုရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးတဲ့ မေးခွန်းပါအမှုများဟာ မြန်မာနိုင်ငံ တရုတ်တိုင်းရင်းသမားတော်များအဖွဲ့ကနေပြီးတော့ အစု ရှယ်ယာဝင်များဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း အမှတ်(၁၃၂)နေ ဦးအောင်ကျော်ရင်ပါငါးဦးအဖွဲ့နဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (တောင်)ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ်(၆၉)နေ ၎င်းတို့အဖွဲ့မှ ဥက္ကဋ္ဌ ဦးအောင်ချိုတို့ အပြန်အလှန်တိုင်ကြား တရားစွဲဆိုကြရာမှာ ဖြစ်ပွားခဲ့သောအမှုများ ဖြစ်ပါတယ်။ ၎င်းအမှုစတင်ဖြစ်ပွားပုံကတော့ ဦးအောင်ကျော်ရင်ပါ ငါးဦးတို့က ၁-၁-၂၀၀၈ ရက်စွဲပါစာအမှတ်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးကို လိပ်မူပြီးတော့ ဦးအောင်ချိုသည် ၎င်းဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ ၁၉၉၄ ခုနှစ်မှစ၍ အဖွဲ့ရဲ့ စည်းမျဉ်းစည်းကမ်းအရ အစုရှယ်ယာများအတွက်ကို တစ်နှစ်တစ်ကြိမ် ငွေစာရင်းရှင်းတမ်းပြုလုပ်ပေးရမည်ဖြစ်တဲ့အတွက် ပြုလုပ်ပေးမှုမရှိခြင်း၊ ဦးအောင်ချိုအား လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၅၄)ရှိ အဖွဲ့ပိုင် တရုတ်ဘယဆေးဆိုင်မှာ မန်နေဂျာအဖြစ်ဆောင်ရွက်ပြီး နိုင်ငံတော်မှအသိအမှတ်ပြုသည့် ဆေးဆရာသင်တန်းကို ဖွင့်လှစ်ခြင်းမပြုဘဲ ဆေးဆရာလုပ်လိုသူတစ်ဦးလျှင် ၎င်းရဲ့ဆန္ဒဖြင့် ငွေ ၁၀၀၀၀ ကျပ်နှင့် အထက်ရယူပြီးတော့ တရုတ်တိုင်းရင်းဆေးလက်မှတ် ၇၀၀ ကျော်ကို

ထုတ်ပေးခဲ့ကြောင်း တိုင်ကြားခဲ့ပါတယ်။ တိုင်ကြားစာများအပေါ် ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၄-၇-၂၀၀၈ ရက်စွဲပါစာအမှတ်နဲ့ တိုင်စာဖြင့် တာဝန်ပေးချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက တာဝန်ယူစစ်ဆေးခဲ့တဲ့အမှုများ ဖြစ်ပါတယ်။

စုံစမ်းစစ်ဆေးချက်များအရ မြန်မာနိုင်ငံတရုတ်တိုင်းရင်းသမားတော်များအဖွဲ့ကို ၁၉၇၆ ခုနှစ်မှာ တရုတ်ဆေးဆရာများဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းအဖွဲ့မှာ အလုပ်အမှုဆောင်အဖွဲ့ကို တရုတ်လူမျိုးခလေ့ထုံးစံအရ ယုံကြည်စိတ်ချရသူများအဖြစ် ဆောင်ရွက်စေခဲ့ကြောင်း၊ ဦးအောင်ချီသည် အဖွဲ့ဥက္ကဋ္ဌနှင့် တရုတ်ဘယဆေးဆိုင်မန်နေဂျာအဖြစ် ဆောင်ရွက်နေစဉ်အတွင်း ဆိုင်ဝန်ထမ်းများအားလစာပေးရာတွင် အမေရိကန်နိုင်ငံနှင့် ပညာသင်ကြားနေတဲ့ ၎င်းရဲ့မယားပါသမီး မယမင်းရွှေ(ခေါ်)ကျင်းကျင်း အမည်ဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ် ဩဂုတ်လအထိ စုစုပေါင်းလစာငွေ ၂၁၄၀၀၀ ကျပ်တိတိကိုထုတ်ယူ၍ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။ ပေါ်ပေါက်ချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးအောင်ချီအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ ဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိကို တစ်နှစ်စီအတွက် အမှုငါးမှုခွဲ၍ ၃၀-၄-၂၀၀၉ ရက်နေ့တွင် လသာမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့ပါတယ်။ ၎င်းအမှုများကို မြို့နယ်တရားရုံးမှ ပြစ်မှုကြီးအမှတ်(၁၉၁/၂၀၀၉) မှ (၁၉၅/၂၀၀၉) အထိဖြင့် လက်ခံကြားနာစစ်ဆေးပြီး ၃၁-၁၂-၂၀၀၉ ရက်နေ့တွင် ဦးအောင်ချီအား အလုပ်နှင့် ထောင်ဒဏ် ၁ နှစ် ၆ လစီ စုစုပေါင်းအမှု ငါးမှုအတွက်ကို စုစုပေါင်းထောင်ဒဏ် ၇ နှစ် ၆ လ ကျခံစေရန် သက်သေခံငွေ ၂၁၄၀၀၀ ကျပ်တိတိကို မြန်မာနိုင်ငံတရုတ်တိုင်းရင်းသမားတော်များအဖွဲ့သို့ လွှဲပြောင်းပေးစေရန် အမိန့်ချမှတ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

တရားရုံးအမိန့်အပေါ် ဦးအောင်ချီက ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးတရားရုံးများသို့ အယူခံမှုနှင့် ပြင်ဆင်မှုများ တက်ရောက်ခဲ့ရာ တရားရုံးများက ပလပ်ခဲ့ပါတယ်။ ဆက်လက်၍ တရားရုံးချုပ်(ရန်ကုန်)သို့ ပြင်ဆင်မှုတက်ရောက်ခဲ့ရာ ၂၅-၁၀-၂၀၁၀ ရက်နေ့တွင် တရားရုံးချုပ်က ဦးအောင်ချီအား တရားသေလွှတ်ရန်အမိန့်ချမှတ်ခဲ့ပါတယ်။ ယင်းအမိန့်အပေါ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်စုံညီခုံရုံးသို့ အထူးအယူခံမှုများတက်ရောက်ခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၃၁-၁၀-၂၀၁၁ ရက်နေ့တွင် အယူခံမှုများကို ပလပ်၍ ဦးအောင်ချီအား တရားသေလွှတ်သည့်အမိန့်ကို အတည်ပြုခဲ့ပါတယ်။ အဆိုပါအမှုများအား လသာမြို့နယ်တရားရုံး၌ စစ်ဆေးနေစဉ် ၂၁-၆-၂၀၀၉ ရက်နေ့တွင် တိုင်ကြားသူ

ဦးအောင်ကျော်ရင်က အစုရှယ်ယာဝင် ၄၅ ဦး၏ ကိုယ်စားလှယ်လွှဲစာဖြင့် အဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ဘဏ္ဍာရေးမှူး ဦးဝင်းရွှေနှင့် ပူးပေါင်းပါဝင်သူများသည် အဖွဲ့ပိုင်ဘယဆေးဆိုင်မှ ငွေကြေးများကို အလွဲသုံးစားပြုလုပ်နေတဲ့အတွက် အရေးယူပေးရန် လသာမြို့နယ်ရဲတပ်ဖွဲ့စခန်းကို ဆက်လက်တိုင်ကြားခဲ့ပါတယ်။ ဒီအမှုကို ရဲတပ်ဖွဲ့စခန်းမှ(ပ)သတင်းချက်အမှတ် (၂၅၁/၂၀၀၉) ဖြင့် စစ်ဆေး၍ မြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ ဖြင့် တရားစွဲဆိုခဲ့ကြောင်း၊ တရားရုံးမှ ပြစ်မှုကြီးအမှတ်(၂၇၉/၂၀၀၉)ဖြင့် ကြားနာခဲ့ကြောင်း၊ ယင်းအမှုတွင် ဦးအောင်ကျော်ရင်က ဦးအောင်ချိအား နောက်တိုးတရားခံအဖြစ် ထည့်သွင်းလျှောက်ထားခဲ့ရာ ၂၃-၁၀-၂၀၁၀ ရက်နေ့တွင် တရားရုံးမှခွင့်ပြုခဲ့ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါ့အပြင် ဦးအောင်ကျော်ရင်မှ ဦးအောင်ချိနှင့် အလုပ်အမှုဆောင်များသည် ၁၉၉၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၁၄ နှစ်ကာလအတွင်း ငွေစာရင်းရှင်းလင်းခြင်း၊ အစည်းအဝေးခေါ်ယူခြင်းမရှိဘဲ စာရင်းဖျောက်ဖျက်ခြင်း၊ ဘောင်ချာများဖျက်ဆီးခြင်းများပြုလုပ်၍ ကိုယ်ကျိုးအလွဲသုံးစားပြုလုပ် ကြောင်း ၃၀-၁-၂၀၁၀ ရက်နေ့တွင် လသာမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ ထပ်မံတိုင်ကြားခဲ့ပါတယ်။ ၎င်းအမှုကို ရဲတပ်ဖွဲ့စခန်းမှ (ပ)သတင်းချက်အမှတ်(၃၆၂/၂၀၁၀)ဖြင့် စုံစမ်းစစ်ဆေး၍ မြို့နယ် တရားရုံး၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံးမှပြစ်မှုကြီးအမှတ်(၁၈/၂၀၁၁) ဖြင့် လက်ခံကြားနာစစ်ဆေးခဲ့ကြောင်း၊ အဆိုပါအမှုများအား စစ်ဆေးနေစဉ် ဦးအောင်ချိမှ ၁-၁-၂၀၀၈ ရက်စွဲဖြင့် ဦးအောင်ကျော်ရင်ပါ ငါးဦးမှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်းထံ လိပ်မူပေးပို့သော တိုင်ကြားစာမိတ္တူကို ပူးတွဲတင်ပြ၍ ၎င်းအပေါ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တရားစွဲဆိုခဲ့ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရား လွှတ်တော်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ ပုဒ်မခွဲ(က)အရ အမှုချေဖျက်ပေးရန် ၄-၈-၂၀၁၁ ရက်နေ့တွင် လျှောက်ထားခဲ့ပါတယ်။ တိုင်းဒေသကြီး တရားလွှတ်တော်မှ ပြစ်မှုဆိုင်ရာအထွေထွေအမှု အမှတ်(၄၄/၂၀၁၁)ဖြင့် လက်ခံ၍ ပြစ်မှုကြီးအမှတ်(၁၈/၂၀၁၁)ကို ချေဖျက်ကြောင်း အမိန့်ချမှတ်ခဲ့ သောကြောင့် ဦးအောင်ချိသည် အမှုမှ တရားရှင်လွတ်မြောက်ခဲ့ကြောင်း၊ သို့ရာတွင် တိုင်ကြားသူ ဦးအောင်ကျော်ရင်မှ ၎င်းအမိန့်ကိုပြင်ဆင်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှု အမှတ်(၁၈၁(ခ)/၂၀၁၁) အရ လျှောက်ထားခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၁၃-၂-၂၀၁၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရဲ့အမိန့်ကို ပယ်ဖျက်၍ အမှုအား ဥပဒေနှင့် အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ ၎င်းအမိန့်အရ တရားခံ ဦးအောင်ချိအပေါ်

လသာမြို့နယ်တရားရုံးမှ ပြစ်မှုကြီးအမှတ်(၁၅၃/၂၀၁၂)ဖြင့် ၆-၆-၂၀၁၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တရားခံအား အာမခံမပေးဘဲ စစ်ဆေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဦးအောင်ကျော်ရင်ရဲ့ တိုင်ကြားမှုများကြောင့် ဦးအောင်ချိမှာ အမှုများအား ရင်ဆိုင်ဖြေရှင်းနေရသဖြင့် အပြန်အလှန်အနေဖြင့် ဦးအောင်ချိ၏သား ဦးမျိုးသန့်သည် အခွင့်ရကိုယ်စားလှယ်အဖြစ်ဆောင်ရွက်၍ ၎င်း၏ဖခင်အားတိုင်ကြားခဲ့သူ ဦးအောင်ကျော်ရင်ပါ ငါးဦးတို့အပေါ် ဂုဏ်သိက္ခာထိခိုက်မှု၊ ခနငွေကြေးနစ်နာဆုံးရှုံးမှုတို့အတွက်ကို နစ်နာကြေးငွေသိန်း ၅၀၀၀ ရယူလိုကြောင်း ရန်ကုန်တိုင်းတရားရုံး၌ ၂၈-၁-၂၀၁၁ ရက်နေ့တွင် တရားစွဲဆိုခဲ့ရာ တရားရုံးမှာ တရားမကြီးအမှုအမှတ်(၁၀၈/၂၀၁၁)ဖြင့် လက်ခံကြားနာခဲ့ကြောင်း၊ အဆိုပါတရားမမှုအား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရဲ့ စီမံခန့်ခွဲမှုအရ ၂၈-၄-၂၀၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားရုံးသို့ အမှုပြောင်းရွှေ့ပေးခဲ့ပြီး တရားမကြီးအမှုအမှတ်(၂၃၁၉/၂၀၁၁)ဖြင့် ဆက်လက်ကြားနာခဲ့ကြောင်း၊ ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ၁၉-၅-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၀၀/၂၀၁၁)အရ တရားမကြီးအမှုအမှတ်(၂၃၁၉/၂၀၁၁)ကို ရန်ကုန်တိုင်းဒေသကြီးတရားရုံးမှ အနောက်ပိုင်းခရိုင်တရားရုံးသို့ အမှုပြောင်းရွှေ့စေခဲ့သဖြင့် ၎င်းတရားမမှုအား အနောက်ပိုင်းခရိုင်တရားရုံးမှ တရားမကြီးအမှုအမှတ်(၁၁၇၂/၂၀၁၁)ဖြင့် ဆက်လက်စစ်ဆေးခဲ့ကြောင်း၊ ယင်းနောက် အနောက်ပိုင်းခရိုင်တရားရုံးမှ ၂၀-၁၂-၂၀၁၃ ရက်နေ့တွင် တရားလို ဦးမျိုးသန့် စွဲဆိုသောအမှုမှာ မနာလိုမုန်းတီး၍ တရားပြိုင်များအပေါ် တရားစွဲဆိုခဲ့သည်ဟု ဆုံးဖြတ်ကာ စရိတ်နှင့်တကွ ပလပ်သည့်အမိန့်ချမှတ်ခဲ့ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ ရန်ကုန်တိုင်းတရားရုံးရဲ့ တရားမကြီးအမှုအမှတ်(၁၀၈/၂၀၁၁)တွင် ဦးမျိုးသန့်သည် ဦးအောင်ကျော်ရင်ပါ ငါးဦးတို့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်းထံ ၁-၁-၂၀၀၈ ရက်စွဲဖြင့် တိုင်ကြားခဲ့သည့် တိုင်ကြားစာခတ်ပုံမိတ္တူကို အားကိုးအားထားပြုစာရွက်စာတမ်းစာရင်းတွင် ထည့်သွင်းတင်ပြအသုံးပြုခဲ့ပြီး တရားရုံးအဆင့်ဆင့်ပြောင်းရွှေ့ရာတွင် အဆိုပါတိုင်ကြားစာခတ်ပုံမိတ္တူမှာ အမှုတွဲများတွင် ပူးတွဲပါဝင်ခဲ့ပါတယ်။ ထိုသို့အသုံးပြုမှုနှင့်ပတ်သက်၍ ဦးမျိုးသန့်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၌သာရှိမည့် လျှို့ဝှက်စာရွက်စာတမ်းဖြစ်သော ၁-၁-၂၀၀၈ ရက်စွဲပါ ဦးအောင်ကျော်ရင်တို့ရဲ့ တိုင်ကြားစာများအား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရဲ့ ခွင့်ပြုချက်မရဘဲ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီး

အမှုအမှတ်(၁၁၇၂/၂၀၁၁)ဖြင့် တင်ပြအသုံးပြုခဲ့တဲ့အတွက် ဦးမျိုးသန့်အား အရေးယူပေးပါရန် ဦးအောင်ကျော်ရင်ပါ သုံးဦးမှ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ၂၁-၉-၂၀၁၁၊ ၃၀-၉-၂၀၁၃၊ ၁၁-၁၁-၂၀၁၃ ရက်စွဲတို့ဖြင့် သုံးကြိမ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ၁၇-၁-၂၀၁၄ ရက်စွဲဖြင့် တစ်ကြိမ် စုစုပေါင်းလေးကြိမ် တိုင်ကြားခဲ့ပါတယ်။

တိုင်ကြားချက်များနှင့်ပက်သက်ပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ၁၆-၁၂-၂၀၁၁ ရက်နေ့တွင် စုံစမ်းမှုအမှတ် ၃/၂၀(၂၀-၆၄) ၂၀၁၁/ဦး ၁ ဖြင့်လည်းကောင်း၊ ၂၅-၁၁-၂၀၁၃ ရက်နေ့တွင် စုံစမ်းမှုအမှတ် ၃/၂၀(၂၀-၁၀၅)၂၀၁၃/ဦး ၁ ဖြင့်လည်းကောင်း စုံစမ်းစစ်ဆေးခဲ့ရာ အဆိုပါတရားရုံးသို့ တင်ပြခဲ့သည့် ၁-၁-၂၀၀၈ ရက်စွဲပါ ဦးအောင်ကျော်ရင်တို့၏ တိုင်ကြားစာမိတ္တူမှာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်းထံသို့ လိပ်မူထားသည်ကို တွေ့ရှိရပါတယ်။ ၎င်းတိုင်ကြားစာနှင့်ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးရှိ ၂၀၀၈ ခုနှစ် တိုင်ကြားစာမှတ်ပုံတင်စာအုပ်တွင်လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (ဗဟိုရုံး)ရှိ ဝင်စာ/ထွက်စာမှတ်တမ်းများတွင်လည်းကောင်း ဝင်စာရရှိကြောင်း၊ မှတ်တမ်းတင်ထားရှိကြောင်း တွေ့ရှိရခြင်းမရှိကြောင်း၊ ၎င်းတိုင်ကြားစာ ခတ်ပုံမိတ္တူတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ဝင်စာ/ထွက်စာမှတ်ပုံတင်အမှတ်များ၊ တာဝန်ရှိသူ အဆင့်ဆင့်တို့၏ ရေးသားမှတ်ချက်များမပါရှိကြောင်း စိစစ်ပေါ်ပေါက်ခဲ့ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ဦးအောင်ချိုအပေါ် စုံစမ်းစစ်ဆေးခဲ့စဉ်က အမှုတွဲတွင်ပါဝင်လာသည့် တိုင်ကြားစာမှာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံသို့လိပ်မူသော တိုင်ကြားစာသာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တရားမအမှုများ၌ ဦးမျိုးသန့်တင်သွင်းသော တိုင်ကြားစာမှာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရှိ ဝင်စာမှတ်ပုံတင်များတွင် တိုင်ကြားစာအဖြစ် မှတ်ပုံတင်မှတ်တမ်း မရှိကြောင်းနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ ဝင်ရောက်ခဲ့သည့် တိုင်ကြားစာအား မိတ္တူကူး၍ ရောက်ရှိပေါက်ကြားသွားသည့် တိုင်စာမဟုတ်ကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အဆိုပါတရားရုံးသို့ တင်ပြထားသည့် တိုင်ကြားစာနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာတွင် ဦးမျိုးသန့်သည် ဖခင်ဖြစ်သူအမှုရင်ဆိုင်စဉ်ကာလအတွင်း ၁၉-၄-၂၀၁၁ ရက်နေ့ တိုင်ကြားစာ ခတ်ပုံမိတ္တူကိုဖခင်၏ အလုပ်စားပွဲအတွင်းမှတွေ့ရှိ၍ အမှုတွင်လိုက်ပါဆောင်ရွက်သည့် တရား

**မူကြမ်း**

လွှတ်တော်ရှေ့နေဦးသောင်းမြင့်ထံသို့ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့နေဦးသောင်းမြင့်မှ ၎င်း တိုင်ကြားစာအား တရားရုံးသို့ သက်သေအဖြစ် ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ဦးအောင်ချိုအား အမှုစစ်မှတွေ့ဆုံမေးမြန်းစဉ်ကလည်း ၎င်းသည်အသက် ၈၀ ကျော် အရွယ်ရှိပြီး အာရုံကြောများမကောင်းသဖြင့် လမ်းမလျှောက်နိုင်သောကြောင့် ဝှီးချဲဖြင့်သွားလာနေရ ကြောင်း၊ အခင်းဖြစ် တိုင်ကြားစာနှင့် ပတ်သက်ပြီး မည်သူ့ထံမှ ရရှိသည်ကို ဦးအောင်ချိုအနေဖြင့် အာရုံကြောရောဂါကြောင့် မှတ်မိခြင်းမရှိကြောင်းကို စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် ၁၉၅၁ ခုနှစ် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေအရ ဖွဲ့စည်းထားသောဌာနဖြစ်တဲ့အတွက် ဌာနဝင်များ သည် အဆိုပါအက်ဥပဒေအပါအဝင် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းချက်များ အတိုင်း လိုက်နာပြုမူနေထိုင်၍ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါတယ်။ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ ၄ ပုဒ်မခွဲငယ်(ဂ) တို့မှာ လျှို့ဝှက်စာရွက်စာတမ်းများနှင့် အကြောင်းအရာများကို ထိုက်သည့်အားလျော်စွာ အလေး ဂရုမပြုဘဲ တမင်နေလျှင်၊ မပေါက်ကြားမပျက်စီးအောင် ဆောင်ရွက်ရန်ပျက်ကွက်လျှင် သုံးနှစ်အထိ ထောင်ဒဏ်အပြင် တစ်ထောင်ကျပ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်ဖြစ်ကြောင်းလည်း ပြဋ္ဌာန်း ထားပြီးဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ ဌာနဆိုင်ရာအရာရှိတစ်ဦးသည် မည်သည့်အခါမဆို မည်သည့်အကြောင်းကြောင့် မဆို ဌာနနှင့်သော်လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့်သော်လည်းကောင်း၊ ဌာနက စုံစမ်းစစ်ဆေးလျက်ရှိသော အမှုနှင့်သော်လည်းကောင်း ပတ်သက်သည့်သတင်းကို ဆိုင်ရာ အာဏာပိုင်၏အခွင့်အမိန့်မှတပါး သို့မဟုတ် အဆိုပါသတင်းမှာ မိမိစုံစမ်းစစ်ဆေးသော အမှုနှင့် သက်ဆိုင်၍ တရားရုံး၌သက်သေခံအဖြစ် ပြောဆိုသည်မှတပါး အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့အလိုက်ဖြစ်စေ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၌ဖြစ်စေ အရာထမ်း၊ အမှုထမ်းမဟုတ်သူ တစ်ဦးတစ်ယောက်အား ဖွင့်ဟပြောဆိုခြင်းမပြုရန် တားမြစ်ထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းတွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီးတရားရုံးရဲ့ စာအမှုတွဲအမှတ် (၂၈/၂၀၁၄)နှင့် တရားလွှတ်တော်ချုပ်အမှုတွဲအမှတ်(၇၉/၂၀၁၅)တို့၏ စီရင်ချက် များအား မျှတမှန်ကန်မှုရှိပါသလားမေးခွန်းနှင့်စပ်လျဉ်း၍ တရားရုံးစီရင်ပိုင်ခွင့်ကိစ္စဖြစ်တဲ့အတွက်

ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်က ပြည့်စုံမှုတကောင်းမွန်တဲ့အနေအထားရှိပါတယ်။ ခုနက ပထမတင်ပြခဲ့သလိုပဲ ဦးအောင်ကျော်ရင်ပါ ငါးဦးအဖွဲ့ကနေပြီးမှ ဥက္ကဋ္ဌဟောင်းဦးအောင်ချိရဲ့ အလွဲသုံးစားမှုတွေနဲ့ပတ်သက်ပြီးတော့မှ တိုင်စာကို ပြည်ထဲရေးဝန်ကြီးဌာနကို အထူးချောနဲ့ ပို့ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ခုနက အဲဒါကို စသုံးလုံးက စစ်ဆေးပါတယ်။ အမှုမှန်ပေါ်ပေါက်ပါတယ်။ ခုနက တရားရုံးကနေ ထောင်ဒဏ်ချပါတယ်။ မြို့နယ်တရားရုံးက ချပါတယ်။ ခရိုင်ကလည်းအတည်ပြုပါတယ်။ တိုင်းတရားရုံးကလည်း အတည်ပြုပါတယ်။ သို့သော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြောင်းပြန် ဒါတွေကို ပယ်ဖျက်ပြီးတော့မှ ဦးအောင်ချိကိုအသာပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ စီရင်ခံချက်၊ ဆုံးဖြတ်ချက်သည် တရားမျှတမှုနဲ့ ကင်းကွာနေတဲ့အတွက်ကြောင့်မို့လို့ မူလကပင် ပျက်ပြယ်ပြီးဖြစ်ကြောင်းကို ဤလွှတ်တော်ကြီးကနေပြီးမှ မှတ်တမ်းတင်ပေးဖို့ ကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ ဒီစသုံးလုံးဦးစီးဌာနကို ပို့ထားတဲ့စာကို ဦးအောင်ချိတို့အဖွဲ့ကနေပြီးမှ အောက်ခြေဝန်ထမ်းတစ်ယောက်နဲ့ပေါင်းပြီး မတရားရယူပါတယ်။ ရယူပြီးတဲ့အခါမှာ အဲဒါကို တိုင်ကြားသူဦးအောင်ကျော်ရင်တို့အဖွဲ့ကို တရားမမှုနှင့် ပြန်လည်စွဲဆိုပါတယ်။ စွဲဆိုတဲ့အခါမှာ ခုနက ခရိုင်တရားသူကြီးဟောင်းတစ်ဦးဖြစ်တဲ့ ဦးသောင်းမြင့်က ဥက္ကဋ္ဌဟောင်းရှေ့နေဖြစ်တဲ့ ဦးအောင်ချိနဲ့လိုက်ပါပါတယ်။ လိုက်ပါတဲ့အခါကျတော့ ဒီစာသည် တရားမဝင်ရထားတဲ့စာဖြစ်မှန်း သိပါလျက်နဲ့ ရှေ့နေဦးသောင်းမြင့်နဲ့ ဥက္ကဋ္ဌဟောင်းဦးအောင်ချိတို့ကနေပြီးမှ အခုလိုပြန်ပြီးမှ အမှုတည်ဆောက်တရားစွဲဆိုခြင်းဟာလည်းပဲ လျှို့ဝှက်ထိန်းသိမ်းရမယ့် ရုံးလုပ်ငန်းစည်းမျဉ်းကို ချိုးဖောက်လိုက်တဲ့ကိစ္စမို့လို့ အဲဒီအဖွဲ့ကို ပြန်ပြီးတော့မှ ထိရောက်စွာအရေးယူပေးသင့်ကြောင်းလည်း ဤလွှတ်တော်က မှတ်တမ်းတင်ထားရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ခုနက ရှင်းလင်းတင်ပြတဲ့အထဲမှာ ပါပြီးဖြစ်ပါတယ်။ တော်တော်ပြည့်စုံသွားပြီ ဖြစ်ပါတယ်။ ပထမအကြိမ် ဦးအောင်ကျော်ရင်ပါ ငါးဦးအား တိုင်းကြားတဲ့အတွက် ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက တာဝန်ရှိသူများစစ်ဆေးပြီးတော့ တရားစွဲဆိုတဲ့အခါမှာ ခုနကပြောသလို ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ခုနစ်နှစ်နှင့်ခြောက်လနဲ့ သက်သေခံငွေတွေကိုလည်း ပြန်လည်ပေးလျော်ပေးဖို့ အမိန့်ချခဲ့ခြင်းဖြစ်ပါတယ်။ ဒီအပေါ် အယူခံအဆင့်ဆင့်ဝင်ရောက်တဲ့အတွက် ပြင်ဆင်လိုအပ်မှုကို နောက်ဆုံး တရားလွှတ်တော်ချုပ်ရုံးကနေပြီးတော့ ပလပ်တဲ့အတွက် ဒီအမှုဟာ ပထမအကြိမ်မှာ ပြီးသွားပြီ ဖြစ်ပါတယ်။ ပြီးတဲ့အခါမှာ ဦးအောင်ကျော်ရင်ကနေပြီးတော့ ဆက်လက်ပြီးတော့ သူ့ရဲ့အတွင်းရေးမှူးတွေ၊ ဘဏ္ဍာရေးမှူးတွေ ဆက်တိုင်တဲ့အခါမှာလည်း ဦးအောင်ကြည်ကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းပြီးတော့ တိုင်ကြားလာတယ်။ တရားရုံးက ခွင့်မပြုတဲ့အတွက် ဒီတစ်ကြိမ်မှာလည်း မဖြစ်ပါဘူး။ ဒါပေမယ့် နောက်တစ်ကြိမ်မှာ ကျွန်တော်တို့ ငွေစာရင်းမရှင်းတာနဲ့ပတ်သက်ပြီး အစည်းအဝေးမခေါ်တာတွေ၊ ဘောက်ချာဖျောက်တာတွေနဲ့ပတ်သက်ပြီး ထပ်မံတိုင်တဲ့အတွက် ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဒီတရားခံကို ၆-၆-၂၀၁၂ ရက်နေ့မှာ ဒါအမှုပြန်လည်ဖွင့်လှစ်ပြီးတော့ အခု တရားခံလည်း အင်းစိန်အကျဉ်းထောင်မှာ အချုပ်သားအဖြစ် ကျွန်တော် ၂၀၁၂ ခုနှစ်ကတည်းက လက်ရှိ အချုပ်ထဲမှာပဲ အချုပ်ထောင်ထဲမှာပဲရှိတာဖြစ်ပါတယ်။ အင်းစိန်ထောင်မှာပဲ ရှိနေတာဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံးဖြစ်တဲ့အခြေအနေ ဖြစ်ပါတယ်။ ခုနက ဒီအထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနကို ညွှန်ကြားရေးမှူးချုပ်ထံ တိုင်တဲ့စာကို အပြင်မှာသက်သေအဖြစ် တင်သွင်းတဲ့ကိစ္စသည် ကျွန်တော်တင်ပြခဲ့တဲ့ အထဲမှာပါပြီးဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ဝင်စာလည်း မဝင်ပါဘူး။ သီးခြား သူဟာ သူအပြင်မှာ ရှိနေတဲ့စာဟာ ကျွန်တော်တို့ ဝင်စာရှိတယ်ဆိုပြီး ကျွန်တော်တို့ သက်ဆိုင်ရာ ရန်ကုန်တိုင်းရုံးမှာဆိုရင် ရန်ကုန်တိုင်းရုံးမှာရှိပါတယ်။ ကျွန်တော်တို့ ဗဟိုဌာန ဒီနေပြည်တော်မှာ ဆိုရင်လည်း နေပြည်တော်ရုံးချုပ်မှာ ဝင်စာတွေ မှတ်တမ်းတင်ရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိ သူအဆင့်ဆင့်ရဲ့ မှတ်ချက်နဲ့ ဝန်ကြီးဆီတင်ပြရတာ ဖြစ်ပါတယ်။ အခု အဲဒီစာတွေလည်းမပါဘဲနဲ့ သူ့ကသူတိုင်ဖို့ရည်ရွယ်ထားတဲ့ စာကို မိတ္တူကူးပြီးတော့တိုင်တယ်လို့ ယူဆပါတယ်။ ကာယကံရှင် မေးတဲ့အခါမှာလည်း အဖြေကို တိတိကျကျမသိတာ ဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းကတော့ တရားရေးရာ ကိစ္စဖြစ်တဲ့အတွက် သီးခြားဖြည့်စွက်ဆွေးနွေးရန်တော့မရှိပါဘူး။ ကျွန်တော်တို့ အပိုင်းအနေနဲ့ ကတော့

ခုနက ဥပဒေကြောင်းအရ စနစ်တကျဆောင်ရွက်ထားတယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းပေးကြသော လွှတ်တော်ကိုယ်စားလှယ်များရော၊ ပြန်လည်ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုနောက်ဆုံးမေးခွန်းဖြစ်တဲ့ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုရဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့လည်း နောက်ဆုံးမေးခွန်းရှင်ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးက မှတ်တမ်းတင်ပေးဖို့ပြောပါတယ်။ တောင်းလည်းတောင်းဆိုပါတယ်။ သို့သော်လည်း ဒီကဏ္ဍသည်မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို ဆောင်ရွက်လို့မရပါဘူး။ မေးခွန်းမေးတဲ့အခါမှာ မေးတဲ့မေးခွန်းနဲ့အဖြေရဖို့အတွက်ပဲ ကျွန်တော်တို့ ပြောဖို့ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ဒီကိစ္စဟာ တရားစီရင်ရေးကိစ္စဖြစ်တဲ့အတွက် တရားစီရင်ရေးနှင့်ဥပဒေရေးရာကိစ္စရပ်များဆိုင်ရာကော်မတီ အနေနဲ့လည်း ဆောင်ရွက်စရာရှိတာကို ဆက်လက်ဆောင်ရွက်နိုင်ပါတယ်။ သို့သော်လည်း ဒီနေရာမှာတော့ လွှတ်တော်အနေနဲ့တော့ တရားစီရင်ရေးကိုလည်း ကျွန်တော်တို့ ဘာမှဝင်စွက်ဖက်ပြောဆိုလို့မရတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးလည်း ကိုယ်စားလှယ်ကြီးများရောနားလည်ပေးစေချင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၅-၆-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များ

ထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၉-၆-၂၀၁၅ ရက်နေ့တွင် နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားကိုရယူပါမယ်။ ယင်းဥပဒေကြမ်းကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။( ဩဘာသံများ )

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၅-၆-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်

များကို တိကျစွာရေးသားဖော်ပြ၍ ၉-၆-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီးအမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကိုရယူပါမယ်။ ယင်းဥပဒေကြမ်းကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်သည် ၎င်းဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၅-၆-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင် ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၉-၆-၂၀၁၅ ရက်နေ့ နောက်ဆုံး ထားပြီးအမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆို

တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ယင်းဥပဒေကြမ်းကိုအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။( ဩဘာသံများ )

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ** ။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက် (သောကြာနေ့) နံနက် ၁၀း၃၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးအောင်မြင်ပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**